ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-8-2010) (၆၄၉၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ စိစစ်အတည်ပြုလိုက်သော အထူးစီမံကိန်းကြီးများကို အမြန်ဆုံး စတင်အကောင်အထည်ဖော် နောင်တွင် မည်သူပင်တာဝန်ယူစေကာမူ တာဝန်ယူမည့်သူများထံ စနစ်တကျ လွှဲပြောင်းပေးပြီး ၎င်းတို့က အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားကြရမှာဖြစ်

သို့မှသာ မိမိတို့ရည်မှန်းထားသည့်အတိုင်း တစ်နိုင်ငံလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား သွားလာဆက်သွယ်မှုလည်း လွယ်ကူချောမွေ့သွားမှာဖြစ်

နေပြည်တော် ဩဂုတ် ၁၇

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀)ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များ မှာကြားလမ်းညွှန်သည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၁၈-၈-၂၀၁၀

(ဗုဒ္ဓဟူးနေ့)

အရှိန်အဟုန်ဖြင့် တိုးတက်အောင် ကြိုးပမ်းဖော်ဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီမံကိန်းလုပ်ငန်းကြီးများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအလိုက် အောင်မြင်မှုများရရှိနေပြီ။ တိုင်းရင်းသားအားလုံး လက်တွဲညီညီ ကြိုးပမ်းနိုင်ကြ၍ ဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ ရက်က နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ ယင်းအထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မှာကြားလမ်းညွှန်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မှာကြားလမ်းညွှန်ရာတွင် **"ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့တိုးတက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးအနေဖြင့် အမြဲအဆင့်အတန်းမီပြီး ရှေ့သို့အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအောင် ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ ယင်းအသိတရား၊ ယင်းခံယူချက်များဖြင့် မိမိနိုင်ငံကို အဆင့်အတန်းရှိသောနိုင်ငံအဖြစ် တင့်တောင့်တင့်တယ်၊ ထည်ထည်ဝါဝါရပ်တည်နိုင်အောင် ဖိဖိစီးစီး အားထုတ်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း"** မှာကြားသည်။

နိုင်ငံတစ်ဝန်း၌ စီးပွားရေးကဏ္ဍများအလိုက် စီမံကိန်းလုပ်ငန်းများစွာကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေကြပြီ။ ဆက်လက်တိုးချဲ့တည်ဆောက်သွားမည့် စီမံကိန်းလုပ်ငန်းများလည်းရှိသည်။ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်လျက်ရှိရာ လုပ်ငန်းများချိတ်ဆက်ဖော်ဆောင်နေကြပြီ။ စီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာ တည်ဆောက်ပြီးစီးသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အကျိုးခံစားခွင့်များ မြန်ဆန်စွာ ရရှိခံစားနိုင်ကြပေမည်။

ကမ္ဘာ့နိုင်ငံတိုင်းက မိမိတို့နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုကြိုးပမ်းနေကြပြီ။ မြန်မာနိုင်ငံအနေဖြင့်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်ဖြစ်ရာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး ပိုမိုကြိုးစားအားထုတ်သွားကြရပေမည်။ အခြားနိုင်ငံများကိုမီလာသည့်တိုင် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းသွားကြရဦးမည်ဖြစ်သည်။

အကောင်အထည်ဖော်နေဆဲ စီမံကိန်းလုပ်ငန်းကြီးများသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အစဉ်ရှေးရှုနေသည်။ လယ်ယာကဏ္ဍ၌ ဆည်တမံများ တိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့်အတူ စိုက်ပျိုးရေးကဏ္ဍ သီးနှံစုံထုတ်လုပ်မှု တိုးတက်လာနေပြီ။ ဒေသစိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေဖူလုံရေးတို့ကို အကျိုးပြုနေပြီ။ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းစွမ်းဆောင်နိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းရရှိလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းကျန်းမာရေးစံပြကျောင်း ဆုချီးမြှင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

ပဲခူးတိုင်း ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းကျန်းမာရေးစံပြကျောင်း ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေးစံပြကျောင်း ဆုရကျောင်းများအား ဆုများပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးလှုပ်ရှားမှုနှင့် ပညာသင်ကြားနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော်က ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

တိုင်းမှူးသည် ဩဂုတ် ၁၁ ရက်တွင် ပဲခူးကောလိပ်ခန်းမ၌ ကျင်းပသော ပဲခူးဒီဂရီကောလိပ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲသို့ တက်ရောက်၍ ဆုရရှိကြသော ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သူနာပြုတက္ကသိုလ်(ရန်ကုန်) ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ကထိကများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သူနာပြုတက္ကသိုလ်မှ ဆရာများအနေဖြင့် အရည်အချင်းပြည့်ဝသော စိတ်ရင်းစေတနာ၊ ကောင်းမွန်သည့် တိုင်းပြည်ချစ်စိတ်ရှိသော သူနာပြုကောင်းများ ပေါ်ပေါက်လာစေရေးအတွက် အလေးထားလေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်ကြောင်းမှာကြားပြီး သင်ကြားရေးဌာနများ၊ စာသင်ဆောင်များနှင့် တက္ကသိုလ်စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ကထိကများအား အမှာစကား ပြောကြားစဉ်။

(ကျန်းမာရေး)

တကောင်းမြို့ အမက(၃၈)၌ အာဟာရတိုက်ကျွေး

တကောင်း ဩဂုတ် ၁၇

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် တကောင်းမြို့ အမှတ်(၁) ရပ်ကွက်ရှိ အမှတ် (၃၈) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာဝဖြိုးအာဟာရတိုး၍ ပညာများ ဆတက်ထမ်းပိုးတိုး၍ လေ့လာသင်ယူနိုင်စေရန် ရည်ရွယ်၍ ဇူလိုင် ၂၉ရက် နံနက်ပိုင်းက တကောင်းမြို့ အမှတ်(၁)ရပ်ကွက်နေ အလှူရှင် ဦးထွန်းထွန်းနိုင်နှင့် ဇနီး ဒေါ်အေးအေးထွန်း၊ သား မောင်ရဲရင့်ထွန်းမိသားစုက ကျောင်းသား၊ ကျောင်းသူ ၃၈၀ တို့အား ကြက်သားဆန်ပြုတ်အာဟာရ တိုက်ကျွေး၍ ကုသိုလ်ဒါနပြုခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက်မန်နေဂျာများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် လက်ထောက်မန်နေဂျာများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ လက်ထောက်မန်နေဂျာ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန် လက်ထောက်မန်နေဂျာများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)

ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေး ညှိနှိုင်းဆွေးနွေးပွဲများ နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိ၍ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် အဓိကကျသည့် ပို့ကုန်၊ သွင်းကုန်လိုင်စင်များ ကြန့်ကြာမှုမရှိစေရန်အတွက် ကုန်သည်လုပ်ငန်းရှင်များ သိရှိစေရန် အသိပေးကြေညာချက်များကို နယ်စပ်စခန်းများ၌ ထုတ်ပြန်ထားပြီးဖြစ်သည်။

ဩဂုတ်လ ပထမပတ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ ကုန်သွယ်မှုချောမွေ့ရေး၊ လာဘ်ပေး လာဘ်ယူကင်းရှင်းရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ကုန်သွယ်မှုချောမွေ့ရေး၊ လာဘ်ပေး လာဘ်ယူ ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲကို တာချီလိတ်မြို့၌ ကျင်းပစဉ်။

(နယ်စပ်/ကုန်သွယ်ရေး)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့

ဝန်ကြီး ဦးသိန်းညွန့် ကျုံပျော်မြို့နယ်၌ ကျောက်ချောလမ်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကျုံပျော်မြို့နယ် အထောင်-မန်းကြာ-သစ်မသိ-သာယာကုန်း-မန်းစက္ကူ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောက်ချောလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းကျောက်ချောလမ်းသည် လမ်းအရှည်ပေ ၇၉၂၀ ၊ အကျယ် ၁၀ ပေရှိပြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သောလမ်းဖြစ်သည်။ ယခင်မြေသားလမ်းဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် စုစုပေါင်း ကတ္တရာလမ်း ၃၂၇၂ ပေ၊ ကျောက်ချောလမ်း ၂၂၈၁၄ ပေ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထောင်၊ မန်းကြာ၊ သစ်မသိ၊ ကွင်းချောက်၊ ကွင်းလျား၊ သာယာကုန်းနှင့် မန်းစက္ကူကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၄၀ နေ ပြည်သူများအတွက် အထောင်မှ ဓနုဖြူမြို့သို့ လည်းကောင်း၊ မန်းစက္ကူ ကျုံတနီးမှ ဟင်္သာတမြို့သို့ လည်းကောင်း ခရီးမိုင် ၁၄ မိုင်ခန့် သက်သာသွားသည်။ ထို့ပြင် ရာသီမရွေး သွားလာနိုင်သည့် လမ်းဖြစ်သဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျေးလက်ကျောက်ချောလမ်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ကျုံပျော်မြို့နယ် အထောင်-မန်းကြာ-သစ်မသိ-သာယာကုန်း-မန်းစက္ကူ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(နယ်စပ်စည်ပင်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)၌ ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ) ဒုတိယဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် မကွေးတိုင်း သရက်မြို့နယ်ရှိ သရက်ဘိလပ်မြေစက်ရုံသို့ သဘာဝဓာတ်ငွေ့ ပေးပို့နိုင်ရေးအတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေသည့် ဧရာဝတီမြစ်အောက်ကြမ်းပြင်မှ ဖောက်လုပ်နေသော အောင်လံ-သရက် မြစ်ဖြတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး တွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိပြီး အမိုးနီးယားစက်ရုံ၊ ယူရီးယားစက်ရုံနှင့် ဖြန့်ဖြူးရေးဌာနများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ယူရီးယားဓာတ်မြေဩဇာ တိုးမြှင့်ထုတ်လုပ်ရေး၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများသို့ စိုက်ပျိုးရေး ရာသီအမီ အလျင်အမြန်ဖြန့်ဖြူးပေးရေး ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ပြည်ရေနံမြေသို့ ရောက်ရှိပြီး ဇီးကုန်း-ပြည် ၁၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖိအားစမ်းသပ်နေမှုနှင့် ဖြူကလေး-ကြို့ပင်ကောက် ခြောက်လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၄) ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၇

UK ၏ Highly Trusted College တစ်ခုဖြစ်သည့် City of Sunderland College ၏ အသိအမှတ်ပြု ကျောင်းခွဲဖြစ်သော Noble Nine Education က Diploma in Business (Marketing, Management, Administration) ဘာသာရပ်များကို UK ရှိ တက္ကသိုလ်ကောလိပ်များအားလုံးတွင် တစ်ပြေးညီ သင်ကြားပို့ချသည့် သင်ရိုးညွှန်းတမ်းများဖြင့် စာတွေ့လက်တွေ့ ဟန်ချက်ညီစွာ နိုင်ငံတကာ သင်ကြားမှုပုံစံသစ်ဖြစ်သည့် Activity, Task, Assignment တို့ဖြင့် စာမေးပွဲဖြေဆိုရန် လုံးဝမလိုအပ်သည့် သင်ကြားမှုပုံစံဖြင့် စာတွေ့ခြောက်လနှင့် Workplacement သုံးလ စုစုပေါင်း ကိုးလ တက်ရောက်ပြီး UK ၏ National Qualifications Framework (NQF Level 3) အဆင့်ကို ပြည်တွင်းမှာပင် တက်ရောက်ပြီး Diploma တိုက်ရိုက်ရရှိမည်ဖြစ်သည်။ Level 3 အဆင့်သည် နိုင်ငံတကာတွင် Manager, Administrator, Trainer, Secretary စသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်းတွင် Effective People, Communication and Information, Exploring Creative Product Promotion, Investigating Internet Marketing, Management Accounting, Human Resource Management, Legal Aspects of Administration, Internet and e-Business, Investigating Supply Chain Management, Business Ethics, Investigating International Business, Exploring Computer Applications for Financial Management, Investigating Supply Chain Management စသည့် Unit (18) ခုဖြင့် သင်ကြားမည်ဖြစ်သည်။ ပြည်တွင်းတွင် နိုင်ငံတကာ သင်ကြားမှုအတွေ့အကြုံရှိဆရာများနှင့် ပြည်ပကျောင်းများမှ အတွေ့အကြုံရှိ Native ဆရာများက သင်ကြားပို့ချမည်ဖြစ်ပြီး ကုန်ကျစရိတ်များစွာ သက်သာမည်ဖြစ်သည်။ Diploma ရရှိပြီးသူများအနေဖြင့် နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်များတွင် Degree သင်တန်းများသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး ထပ်မံ၍ Australia တက္ကသိုလ်များ(သို့မဟုတ်) University of Sunderland ၏ စီးပွားရေးဆိုင်ရာ မဟာဘွဲ့ (MBA/MPA) သို့ တက်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်းချိန်များကို ရုံးချိန်ပြင်ပတန်းခွဲများအဖြစ် စီစဉ်ထားပြီး သင်ကြားမှုထိရောက်စေရန် တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေကို ၁၀ ဦးသာ ကန့်သတ်ထားကာ စက်တင်ဘာ ၆ ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

အမှတ်စဉ်(၄) သင်တန်းအတွက် ၁၅ ရာခိုင်နှုန်းလျှော့ လက်ခံမည်ဖြစ်ပြီး ယင်းသင်တန်းတက်ရောက်ရန်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်ကောလိပ်တက်ရောက် နေသူများ၊ ဘွဲ့ရများလျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက Noble Nine Education အမှတ်(၇) ဝတ်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၀၂၉၆၆ နှင့် ၀၁-၃၉၆၉၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၇

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၂)တွင် Political Times အထူးအချပ်ပိုအပါအဝင် တရုတ်နှင့် အိန္ဒိယဆီက ဘာတွေကိုယ့်တွက်ကျန်အောင် လုပ်ယူမလဲ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာတီနက်တလီဂွါဝါနှင့် တွေ့ဆုံခြင်းအပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ရွေးကောက်ပွဲ ပြုလုပ်မည့်ရက် ထုတ်ပြန်ကြေညာ၊ပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌသစ် ဦးသိန်းဌေးနှင့် တွေ့ဆုံခြင်း၊ ဆရာမောင်စူးစမ်းရေးသားသည့် ရွေးကောက်ပွဲဆန့်ကျင်ရေးနှင့် နိုင်ငံရေးသူငယ်နာ၊ ဆရာမောင်ဝံသရေးသားသည့် အကျင့်ပျက်ခြစားမှု နိုင်ငံတကာရောဂါ၊ ဆရာမောင်သာနု ရေးသားသည့် နိုင်ငံရေးပါတီများ ဆက်လက်ရှင်သန်ရန်လိုသည် စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ကမ္ဘောဇဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်နှင့် တွေ့ဆုံခြင်း၊ ပဲဈေးကွက်အတွင်း အကျိုးအမြတ်အတွက် ရေတိုဝင်ရောက် ရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်ပပို့ရန်အခက်ကြုံ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ရာတွင် ဒဏ်ကြေးကင်းလွတ်ခွင့်ပြု၊ ငွေကျပ်ငါးသိန်းတန် CDMA 450MHz ဖုန်းများ နေပြည်တော်တွင် ကြိုတင်ငွေပေးကတ်စနစ် ပြောင်းလဲ၊ ဆွမ်းဆန်စိမ်း အလှူခံယာဉ် မတော်တဆဖြစ်၊ အဝေးပြေးကားလက်မှတ်များ အွန်လိုင်းမှ ဝယ်ယူနိုင်တော့မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ တယ်လီဖုန်းများနှင့် လုံခြုံစိတ်ချမှု၊ အကသမားဆိုတာ အမြဲ Strong ဖြစ်ဖို့လိုပါတယ် Uranium မှ ခိုင်လေးနှင့် တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အလုပ်သမားများဘက်သို့ ဦးစားပေးသည့်လမ်းကြောင်း တောင်ကိုးရီးယားသမ္မတ ပြောင်းလဲလာ၊ စီးပွားရေးလောကမှ လုပ်ငန်းရှင်တစ်ဦး ပြိုပျက်နေသော နယူးစ်ဝိခ်မဂ္ဂဇင်းကို ဝယ်ယူခြင်းက ကံဆိုးခြင်းဖြစ်လေမလား၊ အာဆီယံအနေဖြင့် နျူကလီးယားလုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန် အီးယူထံမှ သင်ယူသင့်ဟုဆို၊ ယနေ့ခေတ်မိန်းကလေးများ ပန်းပွင့်ချိန်စောလာပြီ၊ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖားမျိုးစိတ် ၁၀၀ ကို ရှာဖွေမည်၊ အိန္ဒိယနှင့် တရုတ်တို့ ကားရောင်းချရမှုနှုန်း မတူညီသောပုံစံဖြင့် မြင့်တက်နေ၊ ကန်သမ္မတ ကတော်၏ အပန်းဖြေခရီးက အိမ်ဖြူတော်အတွက် ပြောစရာဖြစ်လာ၊ အမေရိကန်တွင် ၁၅ နှစ်ကျော်နေထိုင်ခဲ့သော အယ်လ်ခိုင်ဒါ အရေး လှုပ်ရှားဆောင်ရွက်သူ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက် လှုပ်ရှားဆောင်ရွက်မှုများ၏ ခေါင်းဆောင်ဖြစ်ဟုဆို မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ကိုရင်ဘဝမှာစာသင်ရတာ ပဲပျော်
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၄။ **Mail Box**
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၃၉)
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၄၂)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ -အိပ်မက်ထဲကရွှေထုပ် (အပိုင်း-၁) (ကောင်းခန့်၊ အရိုင်း၊ ကျော်ထူး၊ကင်းကောင်၊ ရေချမ်း၊ မိုးပွင့်၊ ရီရီပွင့်ဖြူ၊ ရွှန်းလဲ့) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ **Internet Website** မှ ပုံရိပ်များ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၅)**
- ၂၅။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

အစ္စရေးတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းတစ်ဦးသေဆုံး

ဂါဇာ ဩဂုတ် ၁၇

အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် ပါလက်စတိုင်းအမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါအမျိုးသားသည် အစ္စရေးနယ်စပ်အနီးတွင် ဗုံးခွဲတိုက်ခိုက်ကြိုးစားနေကြောင်း စွပ်စွဲကာ အစ္စရေးတို့က ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဗုံးခွဲရန်ကြိုးစား

တနင်္လာနေ့က ခန်ယူနစ်မြို့၏ အရှေ့ဘက်တွင် ပါလက်စတိုင်းလူမျိုးတစ်စုကို အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရာ ဘတ်စ်ဆန်ဘာဟမ် အယ်လ်ဒါနာဆိုသူ ပါလက်စတိုင်းအမျိုးသား သေဆုံးသွားရခြင်းဖြစ်ကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင်များကမူ ၎င်းသည် အစ္စရေးနယ်စပ်အနီးတွင် ဗုံးဖောက်ခွဲရန်ကြိုးစားခြင်းကြောင့် ပစ်ခတ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

မကြာခဏ တိုက်ခိုက်

၂၀၀၈ ဒီဇင်ဘာမှ ၂၀၀၉ဇန်နဝါရီလများအတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲပြီးချိန်မှစ၍ အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသတွင် သွေးထွက်သံယိုတိုက်ခိုက်မှုများကို မကြာခဏလုပ်ဆောင်လျက်ရှိသည်။

ဂါဇာကမ်းမြောင် ဒေသကို အစ္စရေးတို့ ပိတ်ဆို့ထားသည်မှာ သုံးနှစ်ကျော်ရှိသွားပြီဖြစ်သည်။ ဂါဇာဒေသသား ၁ ဒသမ ၅ သန်းအတွက် လိုအပ်သော အစားအစာ၊ ဆေးဝါး၊ လောင်စာဆီနှင့် အခြားလိုအပ်သောပစ္စည်းများကိုလည်း သိမ်းယူထားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်စစ်ဌာနချုပ်အနီး အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြီးဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၁၇

ဘဂ္ဂဒက်မြို့ရှိစစ်ဌာနချုပ်တစ်ခုအနီး ယနေ့နံနက်ပိုင်းက ရာနှင့်ချီသော တပ်သားသစ်များစုရုံးရောက်ရှိနေစဉ် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ၆၀ သေဆုံးပြီး ၁၂၅ဦး ဒဏ်ရာရရှိသွားခဲ့ခြင်းကြောင့် ရက်သတ္တပတ်များစွာအတွင်း အီရတ်နိုင်ငံ၏ မြို့တော်တွင် သွေးထွက်သံယိုမှုအများဆုံးနေ့ ဖြစ်သွားခဲ့ရသည်။

ယခင် အီရတ်စစ်ဌာနချုပ်အဆောက်အအုံဟောင်းဖြစ်ပြီး ယခုအခါ အမှတ် (၁၁)တိုင်းစစ်ဌာနချုပ်အဖြစ်ဖွင့်လှစ်ထားသော အဆောက်အအုံ၏ အပြင်ဘက်၌ နံနက် ၇နာရီခွဲခန့်တွင် ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခုနစ်နှစ်ကြာစစ်ပွဲအပြီး မကြာမီ ရုပ်သိမ်းတော့မည့် အမေရိကန်တပ်များ၏ နေရာတွင် အစားထိုးရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အီရတ်လုံခြုံရေးတပ်ဖွဲ့က အဆိုပါနေရာတွင် တစ်ပတ်လျှင် တပ်သားသစ် ၂၅၀ ခန့်ကို လက်ခံလျက်ရှိသည်။ ***အေပီ။***

ဗုံးပေါက်ကွဲမှု၌ ဒဏ်ရာရသူများကို ဆေးရုံ၌ ကုသနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်စီးပွားရေးတိုးတက်မှုနှုန်းကို တရုတ်ကျော်ဖြတ် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်လာ

တိုကျို ဩဂုတ် ၁၇

ယခုနှစ် ဒုတိယသုံးလတာ ကာလအတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို တရုတ်နိုင်ငံက ကျော်ဖြတ်ခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၁၅ ရက်က ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြထားသည်။

အားနည်းချည့်နဲ့

ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် မျှော်လင့်ထားသည်ထက် ပိုမိုအားနည်းချည့်နဲ့နေခြင်းကြောင့် ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးအတွက် အင်အားတစ်ရပ်ဆုံးရှုံးမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။

ပို့ကုန်လုပ်ငန်းများ ငြိမ်သက်နေခြင်းနှင့် ပြည်တွင်းစားသုံးသူဈေးကွက်ပြန်လည် ဦးမော့မလာခြင်းသည် ယခုနှစ်ဧပြီမှ ဇွန်လအတွင်း ဂျပန်စီးပွားရေးကို အပြင်းအထန်ထိုးနှက်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

တရုတ်က လွှဲယူ

စာရင်းဇယားများ၏ အလိုအရ ဂျပန်နိုင်ငံ၏ ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံဟူသည့် ဂုဏ်ပုဒ်ကို တရုတ်နိုင်ငံက လွှဲယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

သုံးလတစ်ကြိမ်ထုတ်ပြန်သော စာရင်းဇယားများအရ ယခုနှစ် ဒုတိယသုံးလတာကာလအတွင်း ဂျပန်နိုင်ငံ၏စီးပွားရေးတိုးတက်နှုန်းသည် သုညဒသမ ၁ ရာခိုင်နှုန်းသာရှိခဲ့ပြီး ပထမသုံးလတာကာလကထက် စီးပွားရေးတိုးတက်မှုနှုန်း သိသိသာသာကျဆင်းခဲ့သည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အရပ်သားများသေကျေပျက်စီးရမှုအတွက် ပူးတွဲကော်မတီဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးရန် တာလီဘန်အဖွဲ့က ကမ်းလှမ်း

ကဘူး ဩဂုတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် အရပ်သားများ သေကျေပျက်စီးရမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန်အတွက် ကုလသမဂ္ဂ၊ နေတိုးတို့နှင့်အတူ ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းရန် တာလီဘန်အဖွဲ့က ကမ်းလှမ်းလိုက်သည်။

တာလီဘန်အပါအဝင် အစိုးရဆန့်ကျင်ရေး လက်နက်ကိုင်အုပ်စုများကြောင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း အရပ်သားများ အသေအပျောက်အများဆုံးဖြစ်ခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်တွင် ဝေဖန်ပြစ်တင်ထားသည်။ အဆိုပါ အစီရင်ခံစာသည် “ဘက်လိုက်နေသည့်အပြင် ဓမ္မဓိဋ္ဌာန်လည်းမကျ”ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို တာလီဘန်ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့ပြီး ပူးတွဲလေ့လာစုံစမ်းရန်လည်း တိုက်တွန်းလိုက်သည်။

လွန်ခဲ့သည့် သီတင်းပတ်က ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂအစီရင်ခံစာတွင် ယခုနှစ် ပထမခြောက်လပတ်အတွင်း အရပ်သားများ သေကျေပျက်စီးမှုမှာ ၃၁ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့ကြောင်း ဖော်ပြထားပြီး ယင်းအနက် ၇၆ ရာခိုင်နှုန်းမှာ အစိုးရဆန့်ကျင်ရေး လက်နက်ကိုင်အုပ်စုများကြောင့်ဖြစ်သည်ဟု ကုလသမဂ္ဂက မှတ်ယူထားသည်။ ***အင်တာနက်။***

စစ်ရေးကဏ္ဍ ပွင့်လင်းစွာဆက်ဆံရေး မူဝါဒနှင့်ပတ်သက်၍ တရုတ်နှင့် အမေရိကန်အကြား သဘောတူညီမှု ရနိုင်ဖွယ်မရှိ

ပေကျင်း ဩဂုတ် ၁၇

နှစ်နိုင်ငံအကြား စစ်ရေးကဏ္ဍတွင် ပွင့်လင်းသောမူဝါဒထားရှိရန် အမေရိကန်နိုင်ငံက မျှော်လင့်ထားမှုကို တရုတ်နိုင်ငံက လိုက်လျောနိုင်ဖွယ်မရှိကြောင်း၊ နှစ်နိုင်ငံလက်နက်ကိုင်တပ်ဖွဲ့များအကြား တင်းမာမှုများရှိနေဆဲဖြစ်ကြောင်း တရုတ်ရေးရာကျွမ်းကျင်သူများက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

ပြစ်တင် ဝေဖန်

အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က နှစ်စဉ်ထုတ်ပြန်လေ့ရှိသော အစီရင်ခံစာတွင် တရုတ်နိုင်ငံသည် ၎င်း၏စစ်ရေးတည်ဆောက်မှုကို ပိုမိုမြှင့်တင်လုပ်ဆောင်နေခြင်းသည် တရုတ်နှင့်ဒေသတွင်းနိုင်ငံများအကြား ဖြစ်လာနိုင်ဖွယ်ရှိသော ပဋိပက္ခများကို ပိုမိုမီးထိုးပေးရာရောက်ကြောင်း ပြစ်တင်ဝေဖန်ထားရာ ပြည်ပအခြေစိုက် တရုတ်ရေးရာကျွမ်းကျင်သူများက ယင်းသို့သုံးသပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ပီအယ်လ်အေ)သည် အမေရိကန်နှင့် တရုတ်အကြားတွင် စစ်ရေးကဏ္ဍပွင့်လင်းစွာဆက်ဆံရေး မူဝါဒကို ကျင့်သုံးနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ယင်းမူဝါဒနှင့်ပတ်သက်၍ မတူညီသောသဘောထားအမြင်များကိုလည်း စိစစ်သုံးသပ်လျက်ရှိကြောင်း ပေကျင်းအခြေစိုက် တရုတ်ရေးရာကျွမ်းကျင်သူများက ဆိုသည်။

ပွင့်လင်းရေးမူဝါဒ

တရုတ်နိုင်ငံသည် စစ်ရေးကဏ္ဍပွင့်လင်းစွာ ဆက်ဆံရေးမူဝါဒကို ပြီးခဲ့သည့်နှစ် အနည်းငယ်အတွင်းမှစ၍ တဖြည်းဖြည်းလက်ခံကျင့်သုံးလာသော်လည်း လက်ရှိအခြေအနေတွင် အမေရိကန်တို့ တောင်းဆိုသည့်စံနှုန်းများကို တရုတ်နိုင်ငံက လက်ခံနိုင်ဖွယ်မရှိကြောင်း တရုတ်ရေးရာ ကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။ ***အင်တာနက်။***

အီရန်လေတပ်မှ ဂျက်တိုက်လေယာဉ် ပျက်ကျ

တီဟီရန် ဩဂုတ် ၁၇

အီရန် နျူကလီးယားစက်ရုံတည်ရှိရာ တောင်ပိုင်းပြည်နယ် ဘူရှီးယားရ်တွင် ဩဂုတ် ၁၇ ရက်က အီရန်လေတပ် ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျသွားခဲ့ရာ လေယာဉ်မှူး နှစ်ဦးမှာ လွတ်မြောက်သွားခဲ့သည်။

အဆိုပါ အမေရိကန်နိုင်ငံလုပ် အက်ဖ် (၄) အမျိုးအစား ဂျက်တိုက်လေယာဉ် ကို လေယာဉ်မှူးနှစ်ဦး လိုက်ပါမောင်းနှင်ပြီး ဘူရှီးယားရ်အထူးစီးပွားရေးဇုန်နှင့် ငါးကီလိုမီတာခန့်အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အီရန်သတင်း အေဂျင်စီတစ်ခုက သတင်းပေးသည်။ ***အင်တာနက်။***

အာဖဂန်အရှေ့ပိုင်း၌ တာလီဘန်ပုံစံဗုံးဖောက်ခွဲတိုက်ခိုက် နေတိုးစစ်သားနှစ်ဦးကျဆုံး

ကဘူး ဩဂုတ် ၁၇

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် တာလီဘန်ပုံစံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးကျဆုံးသွားကြောင်း နိုင်ငံစုံတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သော်လည်း အသေးစိတ်ကို ဖော်ပြမထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ နောက်ဆုံး စာရင်းများအရ အာဖဂန်နစ္စတန်တွင် ယခုနှစ်မှစ၍ သေဆုံးခဲ့ရသော နိုင်ငံတကာတပ်ဖွဲ့ဝင်များ အရေအတွက်မှာ ၄၃၅ဦးအထိ ရှိခဲ့ပြီဖြစ်ပြီး ယမန်နှစ်တစ်နှစ်လုံး သေဆုံးခဲ့သူ တပ်ဖွဲ့ဝင်ပေါင်းမှာ ၅၂၀ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက ၂၀၀၁ ခုနှစ်တွင် တာလီဘန်အုပ်ချုပ်မှုကို ဖယ်ရှားရန်အတွက် အာဖဂန်နစ္စတန်သို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာတပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ၂၀၀၀ ကျော်သွားပြီဖြစ်သည်။ ***အင်တာနက်။***

ရေဘေးသင့်ပါကစ္စတန် ဒုတိယမြောက် ကပ်ဘေးဒုက္ခနှင့် ကြုံရဖွယ်ရှိဟု ကုလသတိပေး

အစ္စလာမ္မာဘတ် ဩဂုတ် ၁၇

ရေလွှမ်းမိုးမှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားခဲ့ရသော ပါကစ္စတန်နိုင်ငံသည် ဒုတိယမြောက် ကပ်ဘေးဒုက္ခနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကုလသမဂ္ဂက ဩဂုတ် ၁၆ ရက်တွင် သတိပေးစကားပြောကြားသည်။

ရေဘေးသင့်ဒုက္ခသည် ပါကစ္စတန်နိုင်ငံသား သန်း ၂၀ ကို ကူညီထောက်ပံ့ရန် လျာထားရန်ပုံငွေကို ပြည့်မီရန်အတွက် ခက်ခက်ခဲခဲ ရုန်းကန်နေကြရကြောင်း နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများက ပြောကြားသည်။

ပါကစ္စတန်ရေဘေးနှင့် ပတ်သက်၍ နိုင်ငံတကာမှဝိုင်းဝန်းကူညီကြရန် ဗြိတိန်နိုင်ငံကဆော်ဩသည်။ နိုင်ငံတကာပရဟိတအဖွဲ့များက ပါကစ္စတန်နိုင်ငံသည် ရေဘေးဥပဒ်ကိုသာမက အကြမ်းဖက်ဝါဒနှင့် ဆက်နွှယ်နေကြောင်း နာမည်တပ်ခံထားရခြင်းကြောင့် နိုင်ငံရေးအရ ဂုဏ်သိက္ခာကျဆင်းမှုနှင့်လည်း ရင်ဆိုင်နေရကြောင်း ပြောကြားသည်။

ကုလသမဂ္ဂက ပါကစ္စတန်ရေဘေးဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၄၆၀ ဝိုင်းဝန်းထည့်ဝင်ရန် နိုင်ငံတကာအား တောင်းဆိုထားသော်လည်း တုံ့ပြန်မှုများနှေးကွေးနေဆဲဖြစ်ကြောင်း ပရဟိတအဖွဲ့အစည်းများက ဆိုသည်။

ရေနှင့်ဆက်နွှယ်ဖြစ်ပွားသည့် ရောဂါများအန္တရာယ်နှင့် ရင်ဆိုင်နေကြရသော ပါကစ္စတန်ကလေးငယ်ပေါင်း ၃ ဒသမ ၅သန်းကျော်တို့အတွက် ရန်ပုံငွေလုံလောက်မှုမရှိပါက ပါကစ္စတန်နိုင်ငံသည် ဒုတိယမြောက်သတ္တန္တရကပ်နှင့်ရင်ဆိုင်ရဖွယ်ရှိကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

နေစွမ်း အင်သုံး ဇီးရိုး လျှပ်စစ်ကား ပြိုင်ပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် စတင် တာလွှတ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှု ကားပြိုင်ပွဲစပြီ နေစွမ်းအင်သုံးကားများ ကီလိုမီတာ ၃၀၀၀၀ မောင်းနှင်မည်

ဂျီနီဗာ ဩဂုတ် ၁၇

ခေတ်သစ်သမိုင်းတစ်လျှောက် ခရီးစဉ် အရှည်လျားဆုံးနှင့် ကာဗွန်ညစ်ညမ်းမှုအနည်းဆုံး မော်တော်ကားမောင်းပြိုင်ပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အမျိုးသားနန်းတော်ရှေ့မှ စတင်တာထွက်ယှဉ်ပြိုင်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများတွင် ဖော်ပြသည်။

ဇီးရိုးကားမောင်းပြိုင်ပွဲဟု အမည်ပေးထားသော ယင်းပြိုင်ပွဲတွင် ပါဝင်သည့်ပြိုင်ပွဲဝင်များသည် လျှပ်စစ်ကားများဖြင့်သာ ယှဉ်ပြိုင်ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြိုင်ပွဲဝင် လျှပ်စစ်ကားများသည် မော်စကိုမြို့နှင့် ရှန်ဟိုင်းမြို့များကို ဖြတ်သန်းကာ ထိုမှတစ်ဆင့် ကနေဒါနိုင်ငံ ဗင်ကူးဘားမြို့သို့ သင်္ဘောဖြင့်သွားရမည်ဖြစ်သည်။ ဗင်ကူးဘားမှတစ်ဆင့် မြောက်အမေရိကတိုက် အနောက်ဘက်ကမ်းရိုးတန်းကို ဖြတ်သန်းမောင်းနှင်၍ မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့သို့ သွားရောက် မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်လျှပ်စစ်ကားများကို ဒီဇင်ဘာလအတွင်း ရေကြောင်းခရီးစဉ်ဖြင့် ပေါ်တူဂီနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်သည်။ ယင်းမှတစ်ဆင့် ဥရောပတိုက် အနောက်တောင်ပိုင်းအထိ ဆက်လက်မောင်းနှင်ကာပြိုင်ပွဲကိုအဆုံးသတ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသည် ကမ္ဘာပတ်လည်ရက် ၈၀ ခရီးစဉ်ဖြစ်ပြီး ခရီးစဉ်အတွင်း ပြိုင်ပွဲဝင်ကားများသည် နိုင်ငံပေါင်း ၁၆ နိုင်ငံ၊ မြို့တော်ကြီး ၁၅၀တို့ကို ဖြတ်သန်းကာ ကီလိုမီတာ ၃၀၀၀၀ မျှမောင်းနှင်ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ ဇီးရိုးကားမောင်းပြိုင်ပွဲသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် အပြီးသတ်မည်ဖြစ်သည်။ ကားများကို တိုက်ကြီးတစ်တိုက်မှ တစ်တိုက်သို့ သင်္ဘောဖြင့် ပို့ဆောင်ရခြင်းကြောင့် ထွက်ပေါ်လာသည့် ဖန်လုံအိမ်အာနိသင် သက်ရောက်မှုရှိသော ဓာတ်ငွေ့များအတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန် လျော်ကြေးငွေပေးအပ်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူက ပြောကြားသည်။

အင်တာနက်။

ရေလျှိုး ခုန်ပျံ မောင်းနှင်နိုင်သည့် ငါးမန်းပြူရေယာဉ်



ရှော့ဘ်အင်းနက်စ်ဆိုသူ သန်းကြွယ်သူဌေးတစ်ဦး တီထွင်လိုက်သည့် "ဆီးဘရီးချား" ခေါ် ငါးမန်းပြူရေယာဉ်ကို မောင်းနှင်နေစဉ်။

(အဆိုပါ ငါးမန်းပြူ ရေယာဉ်မှာ အလျား ၁၆ ဒသမ ၅ ပေ အရှည်ရှိကာ မြင်းကောင်ရေ ၂၆၀ အားရှိ အင်ဂျင် တပ်ဆင်ထားသည်။ လူနှစ်ဦးလိုက်ပါစီးနင်းနိုင်သည့် ငါးမန်းပြူရေယာဉ်သည် ရေပြင်ပေါ်တွင် တစ်နာရီမိုင် ၅၀ နှုန်း၊ ရေမျက်နှာပြင်အောက်တွင် တစ်နာရီမိုင် ၂၀ နှုန်းဖြင့် မောင်းနှင်နိုင်ပြီး ရေမျက်နှာပြင်အထက် ၁၂ ပေအထိ ခုန်လွှားနိုင်ကာ ဘယ်၊ ညာ သို့လည်း လူးလိမ့်မောင်းနှင်နိုင်ကြောင်း၊ စတာလင်ပေါင် ၆၀၀၀၀ အကုန်အကျခံကာ ၁၂နှစ်ခန့် အချိန်ယူ တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။) ***(ဓာတ်ပုံ-အင်တာနက်)***

၁၃၅နှစ်ကျော်ပျောက်ကွယ်ခဲ့သော အရှေ့အိန္ဒိယကုမ္ပဏီ အိန္ဒိယနိုင်ငံသားလုပ်ငန်းရှင်တစ်ဦးပြန်လည်တည်ထောင်

လန်ဒန် ဩဂုတ် ၁၇

အိန္ဒိယနိုင်ငံသား လမ်းသစ်ထွင်သူတစ်ဦးသည် ဗြိတိန်နိုင်ငံလန်ဒန်မြို့၌ စားသောက်ဖွယ်ရာရောင်းချသည့် ဆိုင်တစ်ဆိုင်ကို ဩဂုတ် ၁၃ ရက်က ဖွင့်လှစ်ပြီးနောက် နာမည်ကျော် အရှေ့အိန္ဒိယကုမ္ပဏီကို ပြန်လည်ထူထောင်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် ၁၃၅ နှစ်ကျော်ကာလ ဩဂုတ် ၁၃ ရက်တွင်ပင် နာမည်ကျော်အရှေ့အိန္ဒိယကုမ္ပဏီကို ဗြိတိန်နိုင်ငံတွင် တည်ထောင်ခဲ့ကြသည်။ တန်ခိုးအာဏာထွားနေချိန်တွင် အရှေ့အိန္ဒိယကုမ္ပဏီသည် အိန္ဒိယနိုင်ငံဒေသအတော်များများကို ၎င်း၏ကိုယ်ပိုင်စစ်တပ်ဖြင့် လွှမ်းမိုးမင်းမူခဲ့သည်။

၁၈၅၇ ခုနှစ်တွင် ဗြိတိသျှတို့အား ပုန်ကန်ရာတွင် အရှေ့အိန္ဒိယကုမ္ပဏီမှ တပ်ဖွဲ့ဝင်များ ပါဝင်မှုကြောင့် ယင်းကုမ္ပဏီကို ဖျက်သိမ်းခဲ့သည်။

၁၃၅နှစ်ခန့်ကြာတိုင် စုပ်စမြုပ်စပျောက်ကွယ်ခဲ့သော အရှေ့အိန္ဒိယကုမ္ပဏီကို ပြန်လည်တည်ထောင်ခဲ့သော အိန္ဒိယနိုင်ငံသား ဆန်ဂျီဝါမီတားသည် ၎င်းထုတ်လုပ်သော စားသောက်ကုန်များတွင် ယင်းကုမ္ပဏီ၏ နာမည်အား ထည့်သွင်းသုံးစွဲရန် ၂၀၀၅ ခုနှစ်မှစ၍ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ဝန်ကြီး ဦးလှထွန်းအား တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အထွေထွေမန်နေဂျာနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အထွေထွေမန်နေဂျာ Mr. Dai Chunning ခေါင်းဆောင်သော အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အထွေထွေမန်နေဂျာ Mr. Dai Chunning လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သမိုင်းမြို့မကျောင်း အထက(၁)မရမ်းကုန်း (၂၁)ကြိမ်မြောက် စန္ဒိမာဆုချီးမြှင့်ပွဲ

ရန်ကုန် ဩဂုတ် ၁၇

အထက(၁) မရမ်းကုန်းမှ တက္ကသိုလ်ဝင်စာမေးပွဲကို အထူးချွန်ဆုံး အောင်မြင်ခဲ့သည့် ကျောင်းသားများအား သမိုင်းမြို့မကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများ စုစည်းဖွဲ့စည်းထားသည့် စန္ဒိမာဆုချီးမြှင့်ရေးအဖွဲ့မှ နှစ်စဉ်ဂုဏ်ပြုဆု ချီးမြှင့်လျက်ရှိရာ ယခု (၂၁)ကြိမ်မြောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း စန္ဒိမာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဒေါ်ခင်လှ ဖုန်း-၆၅၅၆၈၇၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးကျင်စိုး ဖုန်း-၇၃၀၁၂၈၂၉၊ ဦးကျော်ဝင်း ဖုန်း-၃၉၁၃၉၂၊ ဦးမြတ်ထွန်း ဖုန်း-၆၅၁၂၁၇၊ ဒေါက်တာအောင်မြတ်သိန်း ဖုန်း-၆၅၁၅၂၆၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈ နှင့် ဒေါ်အေးအေးလှိုင် ဖုန်း-၅၂၂၄၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ကွယ်လွန်သူ ဒေါ်ခင်နှင်းအေး(၅၉)နှစ်၏ (၁)လပြည့်ကို ရည်စူး၍ ကန်တော်မွန်အိမ်ရာ လေးဒေါင့်ကန်ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်မျိုးလှ(ငြိမ်း) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဂုဏ်ထူးဆောင်ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဒေါက်တာ ဦးလှမြင့်(၉)(ဆေးရုံအုပ်ကြီး) လက်ခံစဉ်။ (သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

လူငယ်အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲမှ ဝန်ကြီး သူရဦးအေးမြင့် ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ H.E. Teo Chee Hean၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၄ရက်တွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသော ၂၀၁၀ခုနှစ် ပထမအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် ယင်းနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စင်ကာပူသမ္မတနိုင်ငံသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ကြသည်။

ယင်းနောက် ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကိုယ်စားလှယ်အဖွဲ့သည် ညစနာရီတွင် စင်ကာပူသမ္မတနိုင်ငံ Marina Bay တွင် ကျင်းပသော ပထမအကြိမ် လူငယ် အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် စင်ကာပူ သမ္မတနိုင်ငံ သမ္မတ H.E. Mr. S.R. Nathan က ပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာသည်။ ပထမအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲကို ဩဂုတ် ၁၄ရက်မှ ၂၆ရက်အထိ ကျင်းပ သွားမည်ဖြစ်ရာ နိုင်ငံပေါင်း ၂၀၄နိုင်ငံမှ လူငယ်အားကစားသမား ၃၆၀၀ ကျော်တို့ အားကစား နည်း၂၆မျိုးတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာနိုင်ငံမှ မြားပစ်၊ တိုက်ကွမ်ဒို၊ အလေးမ၊ ပြေးခုန်ပစ် အားကစားနည်းများ၌ လူငယ်အားကစားသမားလေးဦးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၅ရက် နံနက်ပိုင်းတွင် Nanyang Technical University ရှိ လူငယ်အိုလံပစ်အားကစားရွာသို့ သွားရောက်ခဲ့ပြီး ပြိုင်ပွဲဝင်ရန် ရောက်ရှိနေကြသော မြန်မာ့လက်ရွေးစင် လူငယ်အားကစားသမားများအား တွေ့ဆုံအားပေးခဲ့ပြီး မွန်းလွဲ၂ နာရီခွဲတွင် Toa Payoh အားကစားခန်းမ၌ ကျင်းပသည့် အလေးမပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ညပိုင်းတွင် စင်ကာပူ သမ္မတနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ H.E.Teo Chee Hean က အရှေ့တောင်အာရှဒေသနိုင်ငံများမှ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား Mandarin Oriental Hotel-Dolce Vita ခန်းမ၌ ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့သည်။

ဆွေးနွေး

ဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီတွင် စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ၌ စင်ကာပူအားကစားကောင်စီအမှုဆောင်အရာရှိချုပ် Mr.Oon Jin Teik ၏ဖိတ်ကြားချက်အရ ကျင်းပသော Breakfast Network Session-ASEAN Sports Commissions အစည်းအဝေးသို့ တက်ရောက်ပြီး ဒေသတွင်း အားကစားအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးခင်မောင်လွင်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် စင်ကာပူသမ္မတနိုင်ငံ Nanyang Technical University ရှိ လူငယ်အိုလံပစ်အားကစားရွာ၌ ပြိုင်ပွဲဝင်ရန်ရောက်ရှိနေသော မြန်မာ့လက်ရွေးစင် လူငယ်အားကစားသမားများအား တွေ့ဆုံအားပေးစဉ်။

(အား/ကာ)

ဩဂုတ် ၁၇ရက်က အင်ဒိုနီးရှား သမ္မတ နိုင်ငံ၏ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာခံပွဲ အခမ်းအနားသို့ တက်ရောက် လာသော ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

Incepta Company Launching Program & Scientific Seminar ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဒုတိယအကြီးဆုံးကုမ္ပဏီဖြစ်သည့် Incepta ဆေးကုမ္ပဏီ၏ Company Launching Program & Scientific Seminar ကို ဩဂုတ် ၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Major General Anup Kumar Chakma, ndc, psc က အမှာစကားပြောကြားသည်။ ဆက်လက်၍ Incepta Co., ၏ Business Development Manager Mr. Rakib Nazir က ကုမ္ပဏီမိတ်ဆက်ပွဲနှင့် ဆေးဘက်ဆိုင်ရာ ရှင်းလင်းဟောပြောပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း၊ ပါမောက္ခ ဒေါက်တာကျော်စိုးထွန်း၊ ပါမောက္ခဒေါက်တာဝင်းနိုင်နှင့် ဒေါက်တာညိုမိခိုင်သန်းလှိုင်တို့က Chronic Hepatic- B စာတမ်းကို ဖတ်ကြားတင်သွင်းသည်။ စာတမ်းဖတ်ပွဲတွင် Seminar Organizer အဖြစ် ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းကလည်းကောင်း၊ Chair Personအဖြစ် ပါမောက္ခဦးသိန်းစောနှင့် ပါမောက္ခ ဒေါ်သန်းသန်းဆွေတို့ကလည်းကောင်း ဆောင်ရွက်ကြသည်။

ယင်းနောက် Incepta Co., Ltd. ၏ မန်နေဂျင်း ဒါရိုက်တာ Mr. Abdu Muktadir က ကျေးဇူးတင်စကားပြောကြားပြီး ဆေးဝါးသစ်များကို မိတ်ဆက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ Incepta ဆေးကုမ္ပဏီ၏ Company Launching Program & Scientific Seminar တွင် အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိ ဈေးများတွင် အိုင်အိုဒင်းဆားရောင်းချမှု ရှိ၊ မရှိ ဈေးဆိုင်များအား ဩဂုတ် ၇ ရက်တွင် ဦးစီးအရာရှိ ဦးအောင်သူဝင်းနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ကချင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဗန်းမော်မြို့တွင် ၃ ဒသမ ၀၈ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် ကျိုင်းတုံမြို့တွင် ၂ ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

ဩဂုတ် ၁၈ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၃ဒသမသုညဒီဂရီစင်တီဂရိတ်)၉၀ ဒီဂရီဖာရင်ဟိုက်		၁၆-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၆ဒသမသုညဒီဂရီစင်တီဂရိတ်)၇၉ဒီဂရီဖာရင်ဟိုက်		၁၇-၈-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၉၂ရာခိုင်နှုန်း	၁၇-၈-၂၀၁၀
မိုးရေချိန်	Tr	၁၇-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၃ဒသမ၂ ဒီဂရီစင်တီဂရိတ်)၉၂ ဒီဂရီဖာရင်ဟိုက်		၁၆-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမ၆ဒီဂရီစင်တီဂရိတ်)၇၈ဒီဂရီဖာရင်ဟိုက်		၁၇-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၉ရာခိုင်နှုန်း	၁၇-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	၄ဒသမ ၅ နာရီခန့်	၁၆-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၇-၈-၂၀၁၀	၉ မမ	၁၁ မမ	၂၈ မမ
	(သုညဒသမ၃၅လက်မ)	(သုညဒသမ၄၃လက်မ)	(၁ဒသမ၁၀လက်မ)
၁-၁-၂၀၁၀မှ	၁၂၈၂မမ	၁၄၃၀မမ	၁၇၄၄မမ
ယနေ့အထိ	(၅၀ဒသမ ၄၇လက်မ)	(၅၆ဒသမ၃၀လက်မ)	(၆၈ဒသမ၆၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၇-၈-၂၀၁၀ ရက် ၈း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်းတိုက်ခတ်သည်။

စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်

ပြည်ထောင်စုကြီး ပိုမိုစည်းလုံး ညီညွတ်ခိုင်မာလာပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာမှာဖြစ်

☆ ရွှေဖုံးမှ

တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအား

အစီအစဉ်အရ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက မိမိဝန်ကြီးဌာနလက်အောက်ရှိ ဓာတ်အားစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုအခြေအနေနှင့် တည်ဆောက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းနှစ်ခုကို ရှင်းလင်းတင်ပြသည်။

ထိုစီမံကိန်းများတွင် ပါဝင်သည့် မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းသည် စစ်ကိုင်းတိုင်း မော်လိုက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံ/ ကွန်ကရစ်တမံ အမျိုးအစားဖြစ်သည်။ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၂၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၁၀ ကို နိုင်ငံတော် ဓာတ်အားကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်တည်ဆောက်သွားမည်ဖြစ်သည်။ ချင်းတွင်းမြစ်ပေါ်တွင် မော်လိုက်စီမံကိန်းအပြင် ထမံသီနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းများလည်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ်၏ အနောက်မြောက်ဘက် ၁၁ ကီလိုမီတာအကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀၀ နှစ်လုံးဖြင့် ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၀၀၀ မှ ၄၂၀၀ အထိကို ထုတ်လုပ်ပြီး စစ်ကိုင်းတိုင်း၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ စက်ရုံအတွက် နှစ်စဉ်လိုအပ်သော ကျောက်မီးသွေးတန်ချိန် ၁၃ သိန်းကျော်မှ ၁၉ သိန်းခန့်အထိကို ကလေးဝမြို့အနီးရှိ ပလူဇီဝ ကျောက်မီးသွေးတွင်းမှ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်သည်။

အမှတ်(၁) လျှပ်စစ် စွမ်းအား ဝန်ကြီး ဌာန ဝန်ကြီး ဦးဇော်မင်း ရှင်း လင်း တင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဆောင်ရွက်ပြီးစီးပြီးဖြစ်သော်လည်း အထူးစီမံကိန်းအဖွဲ့သို့ တင်ပြရန်ကျန်ရှိနေသော စီမံကိန်းနှစ်ခုကို ရှင်းလင်းတင်ပြသည်။ထိုစီမံကိန်းများမှာ သာကေတ-သန်လျင် ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းတွင် သာကေတ-သန်လျင် ကေဗွီ ၂၃၀ ဓာတ်အားလိုင်း ၇ ဒသမ ၃၄ မိုင် တည်ဆောက်ခြင်း၊ သန်လျင် ၂၃၀/ ၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ နမ့်စန် - လွိုင်လင် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းတွင် နမ့်စန်-လွိုင်လင် ၆၆ ကေဗွီဓာတ်အားလိုင်း ၁၃ မိုင် တည်ဆောက်ခြင်း၊ လွိုင်လင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းတို့ ပါဝင်သည်။

ဓာတ်အားပေးပို့မည်

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာမည့် ဓာတ်အားများကို မဟာဓာတ်အားစနစ်သို့ ဆက်သွယ်ပို့လွှတ်ရေး၊ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေးနှင့် ကုန်ထုတ်စက်ရုံများအား ဓာတ်အားပေးနိုင်ရေးအတွက် ဆက်လက်တည်ဆောက်မည့် စီမံကိန်းအသစ် ၃၇ ခုနှင့် အဆိုပါစီမံကိန်းများတွင် ပါဝင်မည့် မဟာဓာတ်အားလိုင်း ၅၂ လိုင်း တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံ ၅၃ ရုံ တည်ဆောက်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။ ယင်း မဟာဓာတ်အားလိုင်းစီမံကိန်းများသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

အထက်ဆည်တော်ကြီး

မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းနှစ်ခု

မော်လိုက် ရေအားလျှပ်စစ်စီမံကိန်း

စစ်ကိုင်းတိုင်း မော်လိုက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၂၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် ကီလိုဝပ် နာရီသန်းပေါင်း ၃၃၁၀ ကို နိုင်ငံတော် ဓာတ်အားကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်တည်ဆောက်သွားမည်။

ကလေးဝကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ်၏ အနောက်မြောက်ဘက် ၁၁ ကီလိုမီတာအကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀၀ နှစ်လုံးဖြင့် ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၀၀၀ မှ ၄၂၀၀ အထိကို ထုတ်လုပ်ပြီး စစ်ကိုင်းတိုင်း၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းသွားမည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

အထူးစီမံကိန်းကြီးများကို အရှိန်အဟုန်မပျက် မြန်မြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို အောင်မြင်အောင် တည်ဆောက်သွားကြ



အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

❖ စာမျက်နှာ ၇ မှ

စသည့် ပြည်နယ်နှင့် တိုင်းတို့အကြား ခရီးသွားလာ ဆက်သွယ်ပေးပို့မည့် စီမံကိန်းများ ဖြစ်သည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ပျော်ဘွယ်-ရေနီ-တောင်ဖီလာ ၁၂လက်မ×၉၇မိုင် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်းတို့ကို ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေး

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းငါးခုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ရထားလမ်းအရှည် မိုင် ၁၂၀ ခန့်ရှိပြီး နေပြည်တော်တပ်ကုန်းမြို့နယ် ဆင်သေဘူတာမှ ရှမ်းပြည်နယ် ပင်လောင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်မည့် ရထားလမ်းဖြစ်သည်။ အဆိုပါ ရထားလမ်းပိုင်းတွင် ဘူတာ ပေါင်း ၂၄ ဘူတာ၊ တံတားကြီး/ငယ်ပေါင်း ၅၂၅ စင်း၊ ဥမင်တစ်ခုတို့ ပါဝင်မည်ဖြစ်သည်။

မြစ်ကြီးနား-နမ့်စန်

မြစ်ကြီးနား- ဗန်းမော်-မဘိမ်း-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ခရီးမိုင် ၄၇၄ ဒသမ ၅ မိုင် ရှည်လျားပြီး ဘူတာပေါင်း ၇၈ ဘူတာ၊ တံတားကြီး/ငယ်ပေါင်း ၂၃၃၅ စင်း ပါဝင်မည်ဖြစ်သည်။

အလားတူ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများနှင့် ကဘော်ချိုင့်ဝှမ်းဒေသများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မုံရွာ-ယာကြီး-ကလေးဝ-ကလေး ရထားလမ်းစီမံကိန်းကို တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါရထားလမ်းသည် ခရီးမိုင် ၁၃၅ မိုင်ရှိပြီး ချင်းတွင်း မြစ်ကူးတံတားကြီး တစ်စင်းအပါအဝင် တံတားကြီး/ငယ်ပေါင်း ၆၇၅ စင်း တည်ဆောက်သွားမည်ဖြစ်သည်။

တောင်ငူ-လွိုင်ကော်

ထို့အပြင် တောင်ငူ-ယာသို-လွိုင်ကော် ရထားလမ်းစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ရထားလမ်းသည် ခရီးမိုင် ၁၅၀ ရှိပြီး ဘူတာပေါင်း ၂၅ ဘူတာ၊ တံတားကြီး/ငယ်ပေါင်း ၇၅၀ စင်း ပါဝင်မည်ဖြစ်သည်။

ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံများကို ဗန်းမော်၊ သီပေါနှင့် နမ့်ဆန်မြို့တို့တွင် ထပ်မံတည်ဆောက်သွားမည် ဖြစ်သည်။ ကွန်ကရစ်ဇလီဖားစက်ရုံအားလုံး တည်ဆောက်ပြီးစီးပါက စက်ရုံစုစုပေါင်း ၁၁ ရုံရှိမည်ဖြစ်ပြီး အဆိုပါစက်ရုံများမှ နှစ်စဉ် ကွန်ကရစ်ဇလီဖား စုစုပေါင်း ၂၂ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

တည်ဆောက်နိုင်ခဲ့

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ရထားလမ်းခရီးမိုင် ၁၄၉၄ ဒသမ ၇၀ မိုင်၊ ပေ ၁၈၀ အထက် ရထားလမ်းတံတား ၆၂ စင်းအပါအဝင် ရထားလမ်းတံတား ၅၃၂၈ စင်း၊ ရပ်စခန်းဘူတာအပါအဝင် ဘူတာပေါင်း ၃၉၄ ဘူတာတို့ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းများအလိုက် လိုအပ်ချက်များကို မှာကြားလမ်းညွှန်ပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယနေ့စိစစ်အတည်ပြုလိုက်သော အထူးစီမံကိန်းကြီးများကို အမြန်ဆုံးစတင်အကောင်အထည်

ဖော်ကြရန်ဖြစ်ကြောင်း၊ နောင်တွင် မည်
ယူမည့်သူများထံ စနစ်တကျ လွှဲပြောင်
မပျက် ဆက်လက်တည်ဆောက်သွားကြ
ရည်မှန်းထားသည့်အတိုင်း တစ်နိုင်ငံ
ဒေသတစ်ခုနှင့် တစ်ခုအကြား သွား
ချောမွေ့သွားမှာဖြစ်ကြောင်း၊ ထိုသို့ စီမံ
ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုကြီး
ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာမှာ
စီမံကိန်းကြီးများကို အရှိန်အဟုန်မပျ
ဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတို
အောင် တည်ဆောက်သွားကြရမှာဖြစ်

ရွှေတိုင်ကမ်းလွန်ရှိ ရွှေသဘာဝ

ရဲရွှာ ရေအားလျှပ်စစ်စီမံကိန်းတွင် စက်များ တပ်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဆက်လက် ဆောင်ရွက်မည့်စီမံကိ

- ❑ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်းဖော
- ❑ မြစ်ကြီးနား-ဗန်းမော်-မဘိမ်း-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-န ဖောက်လုပ်ရေးစီမံကိန်း
- ❑ မုံရွာ-ယာကြီး-ကလေးဝ-ကလေး ရထားလမ်းစီမံကိန်း
- ❑ တောင်ငူ-ယာသို-လွိုင်ကော် ရထားလမ်းစီမံကိန်း
- ❑ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံများ(ဗန်းမော်၊ သီပေါ

...ပမ်းဆောင်ရွက်ကြခြင်းဖြင့် ...ဆောက်သွားကြရမှာဖြစ်

...ဖော်ကြရန်ဖြစ်ကြောင်း၊ နောင်တွင် မည်သူပင်တာဝန်ယူစေကာမူ တာဝန်ယူမည့်သူများထံ စနစ်တကျ လွှဲပြောင်းပေးပြီး ၎င်းတို့က အချိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့ရည်မှန်းထားသည့်အတိုင်း တစ်နိုင်ငံလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား သွားလာဆက်သွယ်မှုလည်း လွယ်ကူချောမွေ့သွားမှာဖြစ်ကြောင်း၊ ထိုသို့ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုကြီး ပိုမိုစည်းလုံး ညီညွတ်ခိုင်မာလာပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီမံကိန်းကြီးများကို အချိန်အဟုန်မပျက်မြန်မြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံကို အောင်မြင်အောင် တည်ဆောက်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

...ပို့ ...ကြီး ...ကြီး ...မင်း ...င်ပြ

...စဉ်)

...စင်း၊ ...ဆောက်

...န်းများ ...ာရေး ...စီးချုပ် ...ာကြား ...ည်ပြု ...ထည်

ရထားလမ်းကွန်ရက်များ တိုးပွားလာသည်နှင့်အမျှ ရထားစီးပြည်သူများ လုံခြုံစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် သစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်အသုံးပြုနိုင်ရန် မွန်ပြည်နယ် မုတ္တမမြို့တွင် ဇလီဖားစက်ရုံ တည်ဆောက်ပေးထားသည်ကို တွေ့ရစဉ်။

တနင်္သာရီကမ်းရိုးတန်း မြန်မာ့ပင်လယ်ပြင်ရှိ ရဲတံခွန် သဘာဝဓာတ်ငွေ့မြေ။

ရခိုင်ကမ်းလွန်ရှိ ရွှေသဘာဝဓာတ်ငွေ့တူးဖော်မှုစီမံကိန်း။

မကွေး-ကန်ပြား ရထားလမ်းပိုင်းရှိ ဆေးတက္ကသိုလ်(မကွေး)ဘူတာကိုတွေ့ရစဉ်။

မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

မိုးကုတ်မြို့နယ် မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် မိုးကုတ်မြို့ ကပိုင်ကျေးရွာ၌ ကျင်းပရာ တက်ရောက်လာကြသူများက ကောက်စိုက်လုံမေများ၏ ထွန်တုံးပိတ် ကောက်စိုက်နေမှုများကို ကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများနှင့် တီးဝိုင်းအဖွဲ့တို့အား ဆုငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ကပိုင်ကျေးရွာရှိ အမှတ်(၄၃) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်၊ မြို့နယ်ပညာရေးမှူး ဦးသာထူးနှင့် ရပ်မိရပ်ဖ ဦးလှမောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ ရပ်မိရပ်ဖတစ်ဦးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို နိုင်ငံတော်က မတည်ငွေကျပ် ၁၂၅ သိန်း၊ မြို့နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၁၀၇ သိန်း၊ အများပြည်သူလှူဒါန်းငွေကျပ် ၂၆၈ သိန်း စုစုပေါင်းငွေကျပ်သိန်း ၅၀၀ ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...က်လက် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းငါးခု

...)-ပင်လောင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း

...တ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်း

...ရထားလမ်းစီမံကိန်း

...လမ်းစီမံကိန်း

...အားစက်ရုံများ(ဗန်းမော်၊ သီပေါနှင့် နမ့်ဆန်မြို့)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ခုရောနောင်ပါအမြဲဝမ်းသာ" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၁)**
- ၈း၃၅ 2010 Summer Youth Olympics
- ၉း၀၅ အားကစားမြင်ကွင်းစုံ
- ၉း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်များ"
- ၁၀း၀၅ Industrial Talk [ဦးဇော်ဟိန်း၊ဒေါက်တာအောင်ဇော်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၀း၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (စိုးပိုင်)
- ၁၁း၂၅ ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်
- ၁၁း၃၅ မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
- ၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ် (Housing & Building Expo 2010)
- ၁၂း၁၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏အဘိဓမ္မာ(၇)ကျမ်းသာသနာပြုမှတ်တမ်း
- ၁၂း၃၀ မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့တည်ရှိရာ
- ၁း၀၀ "ခုရောနောင်ပါအမြဲဝမ်းသာ" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (လက်တည့်စမ်းတာ ကောင်းတယ်၊ လက်တည့်မစမ်းတာ ကောင်းတယ်)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၁)**
- ၄း၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်များ"
- ၄း၄၀ အကြားအာရုံ၏အားကိုးရာ
- ၅း၀၀ ကလေးများအတွက် အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီပန်းဖြူ ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ 2010 Summer Youth Olympics
- ၆း၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (စိုးပိုင်)
- ၇း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (တင်မိုးလွင်) (အပိုင်း-၁)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (လက်တည့်စမ်းတာ ကောင်းတယ်၊ လက်တည့်မစမ်းတာ ကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၁)**
- ၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၃၀ Industrial Talk
- ၁၁း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (တင်မိုးလွင်) (အပိုင်း-၁)
- ၁၁း၂၀ Sports World
- ၁၁း၄၅ စက္ကူရွက်ဝေရှမ်းထီးသက်သေ
- ၁၂း၀၀ ရန်ကုန်မြင်ကွင်းကျယ် (Housing & Building Expo 2010)
- ၁၂း၁၀ PC လုံခြုံရေး
- ၁၂း၂၅ ကမ္ဘာ့စုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် အမ်းမြို့ အမ်းတပ်နယ်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး စစ်တုရင်ခုံအမှတ်(၁)၏ စစ်တုရင်အကွက်ကို စတင်ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တုရင် ယှဉ်ပြိုင်ကစားနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

တိုင်းမှူးသည် ဩဂုတ် ၇ ရက်တွင် တိုင်းမှူးဒိုင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူတို့က အသင်းလိုက်ဆုများနှင့် ဆုရအသင်းသားများအား ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက အသင်းလိုက်ပထမဆုရရှိသောအသင်းအား ငွေသားဆု၊ ဆုတံဆိပ်နှင့် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်ဆေးပြားများနှင့် သန်ချဆေးများ တိုက်ကျွေးကြပြီး စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေးနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးခြင်း၊ အာဟာရဖွံ့ဖြိုးရေးပညာပေး ပိုစတာများနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးပြီး ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် အာဟာရပြည့်ဝမှုတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ လွိုင်ကော်ခရိုင် ကော်မရှင်အဖွဲ့ခွဲ၊ လွိုင်ကော်၊ ဒီမောဆိုနှင့် ဖရူဆိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကားဒီယိုက အမှာစကား ပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်အား ထိုင်းစီးပွား/ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alongkorn Ponlaboot နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alongkorn Ponlaboot နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
[၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ "စစ်ကိုင်းတောင်ရိုးမညှိုးသည့်သာသနာ"(အပိုင်း-၂)
- ၈း၁၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၂၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၃၀ ၈။ အတီးပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ Islands of Dhamma
- ၈း၅၀ ၁၁။ ဘဒ္ဒန္တသောဘဏ (အဘိဓဇ မဟာရဋ္ဌဂုရု) နိုင်ငံတော်ဩဝါဒစရိယ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်ဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (Delta United F.C နှင့် ဇေယျာရွှေမြေ F.C)
- ၅း၀၀ ၂။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)[အထက(၁) သန်လျင်] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅း၂၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၅ ၄။ သီချင်းကြီးပဒေသာ
- ၅း၃၅ ၅။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၅၀ ၆။ International Science News
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၀။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၀ ၁၁။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၇း၄၀ ၁၂။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
  - ၁၄။ နိုင်ငံတကာသတင်းများ
  - ၁၅။ မိုးလေဝသအခြေအနေ
  - ၁၆။ စည်းလုံးတဲ့မြေ[စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည်(မအူပင်)]
  - ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ"(အပိုင်း-၆၉)**
  - ၁၈။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဥက္ကသေနဇာတ်တော်ကြီးပြိုင်ပွဲ" (ဒုတိယဆု)(မန္တလေးတိုင်း) (ဒုတိယပိုင်း)
  - ၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
  - ၂၀။ အစီအစဉ်ပြီး၏။

ပေးအပ်လှူဒါန်း

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၈) သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိ မိသားစုများက ဩဂုတ် ၁၆ ရက်တွင် ကျရောက်သည့် နှစ် (၃၀) ပြည့် ပုလဲရတု အထိမ်းအမှတ် နှစ်ပတ်လည်နေ့အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရမည်းသင်း-သိမ်ကုန်းလမ်းပိုင်း လမ်းပေါက်ဖာခြင်းလုပ်ငန်းကို ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကို ဦးနှင့်အဖွဲ့ ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မန်ယူအသင်း အိမ်ကွင်းတွင် တာထွက်ကောင်းခဲ့

မန်ချက်စတာ ဩဂုတ် ၁၇

၂၀၁၀ - ၂၀၁၁ ဘောလုံးရာသီ၏ အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၁) လက်ကျန်ပွဲအဖြစ် အင်္ဂါနေ့ နံနက်ပိုင်းက မန်ယူနှင့် နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ် တာထွက်ကောင်းခဲ့သည်။

ပြန်လည်ရင်ဆိုင်

မန်ယူအသင်းတွင် ဗန်ဒါဆား၊ အီဗရာ (ရာဖေးလ်ဒါဆေးလ်ဗား)၊ ဗီဒစ်၊ အိုရှီးယား၊အီဗန်စ်၊ နာနီ(ဂစ်)၊ ပေါလ်စခိုး၊ ဖလက်ချာ၊ ဗလင်စီယာ၊ ဘာဘာတော့ဗ်၊ ဝိန်းရွန်နေး(ဟာနန်ဒက်ဇ်)တို့ဖြင့် လူစုံခဲ့ပြီး နယူးကာဆယ်အသင်းက စမစ်၊ အင်ဒရူးကာရိုး၊ နိုလန်၊ ဘာတန်၊ ဝီလုံ့ ဆင်စသည့် အမာခံကစားသမားများဖြင့် မန်ယူကို ပြန်လည်ရင်ဆိုင်ခဲ့သည်။

၆၆ ရာခိုင်နှုန်း

ဤနှစ်သင်း၏ ကစားသမားစုဖွဲ့မှုမှာ ကွာဟလွန်းလှသောကြောင့် ဧည့်သည် နယူးကာဆယ်အသင်းသည် တစ်ချက်တစ်ချက်တွင်မှသာ မန်ယူဘက်ကို ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့ပြီး ပွဲချိန်ပြည့် နီးပါး မန်ယူကသာ ဖိအားပေးကစားသွားနိုင်ခဲ့သည်။ မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှု ၆၆ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး မန်ယူအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ဘာဘာတော့ဗ်၊ ဒုတိယဂိုးကို ၄၁ မိနစ်တွင် ဖလက်ချာနှင့် တတိယဂိုးကို ၈၅ မိနစ်တွင် လူစားဝင်လာသည့် ဂစ်က လှလှပပ သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို ပရိသတ် ၇၅၂၂၁ ဦး လာရောက်ကြည့်ရှုအားပေးခဲ့သည်ဟု သိရသည်။ ***အင်တာနက်။***

ပေါင် ၂ ဒသမ ၃ သန်းဖြင့် ဘရတ်ဂျုံးစ်ကို လီဗာပူး ခေါ်ယူ

လန်ဒန် ဩဂုတ် ၁၇

ရှိုင်းဟော့ဆန်၏ လီဗာပူးအသင်းသည် မစ်ဒယ်ဘရော့ဂိုးသမား ဘရတ်ဂျုံးစ်ကို ပေါင် ၂ ဒသမ ၃ သန်းဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

မျှော်လင့်နိုင်

လီဗာပူးအနေဖြင့် အသက်(၂၈)နှစ်ရှိ ဘရတ်ဂျုံးစ်ကို သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်ကပင် မစ်ဒယ်ဘရော့အသင်းသို့ ရောက်ရှိခဲ့သည့် ဂျုံးစ်သည် အသင်းအတွက် ၅၇ ပွဲ ပါဝင်ကစားခဲ့ပြီး စတော့ပို့တ်၊ ရိုသာဟန်၊ ဘလက်ပူးလ်နှင့် ရှက်ဖီးအသင်းများသို့လည်း အငှားချထားခြင်းခံခဲ့ရသည်။ လီဗာပူးသို့ ရောက်ရှိလာသည့် ဂျုံးစ်မှာ အန်ဖီးလ်တွင် ဒုတိယဂိုးသမားနေရာကို မျှော်လင့်နိုင်မည်ဖြစ်သည်။

အင်တာနက်။

လီဗာပူးနှင့် စာချုပ်လိုက်သည့် ဘရတ်ဂျုံးစ်။

ဝင်းတင်
(ကြေးမုံ)

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက သတ်မှတ်နေရာများ၌ စတင်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ နှင့် မိသားစုဝင်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု(ကက)

သစ်တောရေးရာဝန်ကြီးဌာန - နှစ်ဂိုး

(လင်းထက်ကျော်)

ပြည်ထဲရေးဝန်ကြီးဌာန - နှစ်ဂိုး

(အောင်ကိုကိုကျော်၊ လင်းထွဋ်ကို)

(ဗိုင်လူကြီး) ဦးသိန်းဇော (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ကက)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန - ငါးဂိုး

(စိုင်းနန္ဒဝင်း-နှစ်ဂိုး၊ အောင်ကိုကိုထွန်း၊ စိုးဝင်းသန်း၊ ရဲဇာနီထွန်း)

အမှတ်(၁)စက်မှုဝန်ကြီးဌာန - ဂိုးမရှိ

(ဗိုင်လူကြီး)ဦးအောင်သူ(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၁၈-၈-၂၀၁၀ ရက်နေ့

နေပြည်တော်အားကစားကွင်း အုပ်စု (ခခ)

ဆက်သွယ်ရေးနှင့် ရထား

၁၈-၈-၂၀၁၀ ရက်နေ့

ပေါင်းလောင်းအားကစားကွင်း အုပ်စု(ခခ)

သတ္တုတွင်းနှင့် အလုပ်သမား

(၁၀၇)

အပျော်တမ်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်သွယ်ရေးဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၇

၂၀၁၀ အပျော်တမ်း(ရိုးမရာဇာ) အမှတ်ပေး ဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပသည်။ နောက်ဆုံးပွဲစဉ်အဖြစ် VIVA အသင်းနှင့် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ VIVA အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စပွန်ဆာကုမ္ပဏီများမှတာဝန်ရှိသူများက ပဉ္စမဆုရ ရခိုင် F.C အား ငွေကျပ်၁၀သိန်း၊ စတုတ္ထဆုရ ကာကွယ်ရေးအသင်းအား ကျပ် ၁၀ သိန်း၊ တတိယဆုရ ဒဂုံ F.C အားငွေကျပ်သိန်း၂၀၊ ဒုတိယဆုရ VIVA အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေကျပ်သိန်း၃၀၊ပထမဆုရ ဆက်သွယ်ရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဂိုးသွင်းအများဆုံးဆုရ ထွန်းဝင်း(ကာကွယ်ရေး) အား ငွေကျပ်ငါးသိန်းနှင့် ရွှေဖိနပ်၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ ခင်မောင်ထွေး(VIVA) အား ငွေကျပ်ငါးသိန်းနှင့် ရွှေဘောလုံးဆုတို့ ချီးမြှင့်သည်။ ယင်းနောက်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရဆက်သွယ်ရေးအသင်းအား ဆုဖလားနှင့် ဆုကြေးငွေကျပ် သိန်း ၅၀ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ပြိုင်ပွဲအပြီးတွင် ဆက်သွယ်ရေးအသင်းက ၂၇ မှတ်ဖြင့် ပထမ၊ VIVA အသင်းက ၂၅ မှတ်ဖြင့် ဒုတိယ၊ ဒဂုံ F.C က ၂၂ မှတ်ဖြင့် တတိယ၊ ကာကွယ်ရေးအသင်းက ၁၉ မှတ်ဖြင့် စတုတ္ထ၊ ရခိုင် F.C က ၁၈ မှတ်ဖြင့် ပဉ္စမတို့ရရှိခဲ့ကြသည်။ အဆိုပါ ငါးသင်းစလုံးမှာ ဩဂုတ် ၂၅ ရက်တွင် စတင်ကျင်းပမည့် MFF CUP ရှုံးထွက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

တိုက်ကျွေး

ကျောင်းကုန်းမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ ဒေါ်သန်းတင်ဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး အေးကျော်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရဲဝင်းတို့ ဗီတာမင်ဆေးများ တိုက်ကျွေးစဉ်။

(၃၆၅)

ထူးကြီးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

ထူးကြီးအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို စက်တင်ဘာ ၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် အနီးသစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာအသက်(၇၅)နှစ်အထက် ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင် ဘိုး၊ဘွားများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင် သားသမီးများ၏ စာရင်းနှင့် လှူဒါန်းလိုသော အလှူရှင်များသည် ဩဂုတ် ၂၈ ရက် နောက်ဆုံးထား၍ ဦးမျိုးသန့် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၁-၇၃၀၃၈၀၁၃၊ ဦးခင်မောင်ကြည် (တွဲဖက်အတွင်းရေးမှူး)ဖုန်း-၀၉-၅၁၉၂၄၄၁၊ ဦးတင်ဦး (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၆၁၈၈၇ဦးမြင့်သန်း(တွဲဖက်ဘဏ္ဍာရေးမှူး) ဖုန်း-၂၉၄၁၅၀နှင့် ဗိုလ်ကြီးစန္ဒာနွယ်(ငြိမ်း) (စာရင်းစစ်) ဖုန်း-၀၁-၇၃၀၃၃၁၇၅ တို့သို့ ကြိုတင်ဆက်သွယ်ကြပါရန်နှင့် ထူးကြီးအသင်း(ရန်ကုန်)အသင်းဝင်များနှင့် ထူးကြီးမြို့သူ၊ မြို့သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

ဖြူးမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသော မိုင်းများ နင်းမိပေါက်ကွဲ

နေပြည်တော် ဩဂုတ် ၁၇

ပဲခူးတိုင်း ဖြူးမြို့နယ် ဘုရားလဟာကျေးရွာအုပ်စု ငါးမြစ်ချင်းကျေးရွာအနီး ကညွတ်ကွင်း-မိဿလင် ကားလမ်းပေါ်၌ ဩဂုတ် ၁၀ရက် နံနက်၇နာရီ မိနစ်၂၀ တွင် ရွာမကြီးကျေးရွာနေ မောင်အောင်မြတ်သူနှင့် မိခင်ဖြစ်သူ ဒေါ်ကြည်တင်တို့သည် မော်တော်ဆိုင်ကယ်ဖြင့် ရွာမကြီးကျေးရွာမှ ငါးမြစ်ချင်းကျေးရွာသို့ ဈေးဝယ်ရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံးအား ဆိုင်ကယ်ရှေ့ဘီးဖြင့် နင်းမိပေါက်ကွဲခဲ့ပြီး ရှေ့ဘီးသံခွေ၊ ကျွတ်နှင့် တာယာတို့ ဆုတ်ပြဲပျက်စီးသွားကာ လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅မိနစ်တွင် ငါးမြစ်ချင်းကျေးရွာမှ ဦးကျော်လှိုင်၏ နွားတစ်ကောင်ကို စားကျက်၌ လွှတ်ကျောင်းထားစဉ် စားကျက်အနီး ကားလမ်းမပေါ်၌ သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံးအား နင်းမိခဲ့သဖြင့် ဒဏ်ရာရရှိပြီး သေဆုံးသွားကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်များ ဖြစ်ပွားရာနေရာများသို့ နယ်မြေခံတပ်မတော်သားများက သွားရောက်ရှင်းလင်းရာသောင်းကျန်းသူများထောင်ထားသည့်မပေါက်ကွဲသေးသောနင်းမိုင်းတစ်လုံးအား တွေ့ရှိဖော်ထုတ်နိုင်ခဲ့ကြောင်း၊ သောင်းကျန်းသူများ၏ ဖုံးခွဲ၊ မိုင်းထောင်လုပ်ရပ်များအပေါ် ဒေသခံပြည်သူလူထုအနေဖြင့် ရွံရှာမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်မောင်းများအား အသိပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၁၇

နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့်တပ်ဖွဲ့အသီးသီးမှ ယာဉ်မောင်းများအား ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရေးအတွက်အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၄ရက်နှင့် ၁၅ရက်တို့တွင် နံနက်၉နာရီမှ ၁၁နာရီခွဲအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ယာဉ်ထိန်းတပ်ဖွဲ့မှဌာနခွဲမှူး ရဲမှူးမျိုးညွန့်ဦးက ဟောပြောပြီး ယာဉ်မောင်း ၄၄ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင်ပဏာမ ဆန်းစစ်ချက် မေးခွန်းလွှာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမေးခွန်းများ (ဆန်းစစ်ချက်)ကို ဖြေကြားစေပြီး ယာဉ်မမောင်းမီ မိမိယာဉ်ကို စစ်ဆေးရမည့် အချက်များ၊ ယာဉ်မောင်းသူများ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မော်တော်ယာဉ် မောင်းနှင်စဉ် လိုက်နာရမည့် အချက်များနှင့် ယာဉ်တိုက်မှု အမှား/အမှန်များကို ချပြရှင်းလင်းကာ ပညာပေး ဇာတ်လမ်းတိုများကို ပါဝါပွိုင့်ဖြင့် ပြသခဲ့ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ စာရင်းကိုင်

B.Com(CPA) Part II အောင်မြင်ထားသူ ဖြစ်ရမည်။ မ (၃) ဦး

B.Com, (or) L.C.C.I (Level-III) အောင်မြင်ထားသူဖြစ်ရမည်။ မ (၃) ဦး

Microsoft Word, Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။

ရုံးဖန်ရုံခါ နယ်ခရီးသွားနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူနှင့် နှစ်ရှည်လုပ်ကိုင်နိုင်သူကို ဦးစားပေးမည်။ စိတ်ပါဝင်စားသူများသည် Kispa Nadi Co.,Ltd. အမှတ်(၁၈၅/၁၈၇)၊ ရွှေဘုံသာအလယ်လမ်း၊ (၃)လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (သို့) ရန်ကုန်စာတိုက်ကြီး စာတိုက်သေတ္တာအမှတ်(၆၄၃)သို့ ကိုယ်ရေးရာဇဝင်အပြည့်အစုံဖြင့် လျှောက်ထားနိုင်ပါသည်။

(မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်)မိတ္တူများ ပူးတွဲပါရှိရမည်။

ဖိုးရန်နိုင် (ကျောက်ကြီး) ရေးသားသော "ရာဘင်ဒြာနသ်တဂိုး၏ဆုတောင်းနှင့် အခြားဘာသာပြန်ကဗျာများ" စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၇

ဖိုးရန်နိုင် (ကျောက်ကြီး) ရေးသားသော "ရာဘင်ဒြာနသ်တဂိုး၏ ဆုတောင်းနှင့် အခြားဘာသာပြန် ကဗျာများ" စာအုပ်ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ ကဗျာစာအုပ်တွင် ဘင်္ဂလီကဗျာဆရာကြီး ရာဘင်ဒြာနသ်တဂိုး၏ "သစ်သီးခူး"၊ ဂီတဥ္စလီ"နှင့် "အိမ်ပြေး" တို့မှ ကဗျာ ၂၃ ပုဒ်၊ "Poems That Touch the Heart " ကဗျာပေါင်းချုပ်စာအုပ်မှ ကဗျာ ရှစ်ပုဒ်၊ Charles Akara ၏ "The Foolish,The Clever, The Wise" မှ ကဗျာ ၁၇ ပုဒ်၊ တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်းများမှာ ကဗျာ ခြောက်ပုဒ်၊ နိုင်ငံတကာ ကဗျာနှစ်ပုဒ် အားလုံး စုစုပေါင်း ဘာသာပြန်ကဗျာ ၅၆ပုဒ်ကို မြန်မာဘာသာပြန်ကဗျာနှင့် မူရင်းအင်္ဂလိပ်ကဗျာတို့ကို ယှဉ်တွဲဖော်ပြထားသည်။

တင်ဆက်ထား

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ/ဌာနမှူး (ငြိမ်း) ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) နှင့် သုတပဒေသာ စာစောင် စာတည်းမှူးချုပ်(ငြိမ်း)၊ ဦးမောင်လှိုင်(မောင်ဆွေယဉ်)တို့၏ အမှာများနှင့်အတူ ဘာသာပြန်ကဗျာချစ်သူ စာဖတ်ပရိသတ်အတွက် တင်ဆက်ထားသည်။



"ရာဘင်ဒြာနသ်တဂိုး၏ ဆုတောင်းနှင့် အခြားဘာသာပြန်ကဗျာများ" စာအုပ်ကို မြဝတီစာပေတိုက် အမှတ် (၁၅)တပ်မြေမိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလိမ္မာ စာမှာရှိ

ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

ကယားပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဥက္ကဋ္ဌကအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူများအား လည်းကောင်း၊ တာဝန်ရှိသူများက ဒုတိယနှင့် တတိယဆု ရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အိုင်အိုဒင်းဆားများကို အရည်အသွေးစစ်ဆေးပြီး ကလေးငယ်များအား ဗီတာမင်ဆေးလုံးနှင့် သန်ချဆေးများ တိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဗီတာမင်ဆေးပြားများ ဖြန့်ဝေပေး၍ ပြခန်း၌ပြသထားသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပညာပေးပိုစတာများနှင့် ဆုရစာစီစာကုံးများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၁ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် မဟာအောင်မြေမြို့နယ်အတွင်းရှိ ဘုရားကြီး အရှေ့မုခ်ဦးမှ ၄၂ လမ်းအထိ ၈၁ လမ်း ဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၄၆၉)

ဝါးခယ်မ၌ ဂုဏ်ပြုပွဲ ကျင်းပ

ဝါးခယ်မ ဩဂုတ် ၁၇

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ကျောင်းသူများ၊သင်ကြားပေးသော ဆရာ၊ ဆရာမများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်က ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ အမှတ်-၁ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆုရသူများအား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)** (၁၈၂)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) အသင်းတိုက်ဆောက်လုပ်ရန်အတွက် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်း မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ နာယက ဒုတိယဗိုလ်မှူးကြီး ညီဖြူ (ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးထွန်းသိန်းတို့ လက်ခံယူကြစဉ်။
(ကြေးမုံ)

ကွတ္တရာခင်းရန် ကျောက်စုဆောင်း

ကွမ်းလုံ ဩဂုတ် ၁၇

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်း(တိုးချဲ့၊ အသစ်) ရဲမာန်အောင်လမ်း ကွတ္တရာခင်းရန်အတွက် ကျောက်များ စုဆောင်းပြီးစီးမှုကို ဇူလိုင် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မင်းထွန်းက ရှင်းလင်းတင်ပြသည်။ (ပြည်နယ်ပြန်/ဆက်)

ပလက်ဝမြို့နယ် သန့်ရှင်းစာကြည့်တိုက်သို့ စာအုပ်၊ စာစောင်လှူဒါန်း

စစ်တွေ ဩဂုတ် ၁၇

ရခိုင်ပြည်နယ် ပြန်/ဆက်ဦးစီးဌာနက ဇူလိုင်၁၃ရက်တွင် ပလက်ဝမြို့နယ် ကင်ဝကျေးရွာ သန့်ရှင်းစာကြည့်တိုက်သို့ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးကျော်ဦးက စာအုပ် စာစောင်လှူဒါန်းရခြင်းနှင့် စာဖတ်သူတိုးပွားရေးကိစ္စရပ်များ ဆွေးနွေးပြီး ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က စာကြည့်တိုက်အခြေအနေများနှင့် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းသည်။

ထို့နောက် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က သုတ၊ ရသ စာအုပ် ၅၀၊ စာစောင် ၁၂၀တို့ကို လှူဒါန်းခဲ့သည်။ **(အောက်ပုံ)** ဆက်လက်၍ အလှူရှင် ဦးအေးကျော်က သုတ၊ ရသ ၅၀၊ မဂ္ဂဇင်း ၂၅ အုပ်ကို လှူဒါန်းရာ စာကြည့်တိုက်မှူးကလက်ခံရယူခဲ့ကြောင်း သိရှိရသည်။ (ပြည်နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်း

မြင်းမူ ဩဂုတ် ၁၇

မြင်းမူမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ(စာကြည့်တိုက်ဖောင်ဒေးရှင်း)က ကြီးမှူးကျင်းပသည့်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး စာအုပ်စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးမြင့်နိုင်စိုးက ရှင်သန်ခိုင်မာသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ရရှိပြီး စာအုပ်စာစောင်များမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကျေးလက်နေပြည်သူများ အမှန်တကယ် စာပေဖတ်ရှုလေ့လာနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားကာ ကော်မတီဝင်များနှင့် စေတနာရှင်ပြည်သူများက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (၂၂၅)

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးယုန်စုတာဝန်ယူဆောင်ရွက်လျက်ရှိသော ပင်မ ရေနုတ်မြောင်းကူး ကွန်ကရစ်တံတားများကို အမှုဆောင်အရာရှိ ဦးငွေလွင်စိုး ကြီးကြပ်ပေးစဉ်။
(ကြေးမုံ)

လှိုင်သာယာ အထက(၁) မူးယစ်အန္တရာယ်ဟောပြော

ရန်ကုန် ဩဂုတ် ၁၇

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးမှုမှ ကာကွယ်ရန် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၁ရက်က လှိုင်သာယာမြို့နယ် အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်မှူး ရဲအုပ်တင်ဦးနှင့် အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့ ရဲအုပ်မျိုးကြည်တို့က ဟောပြောကြသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ် တရားသူကြီး ဦးသန်းလွင်၊ ဥပဒေအရာရှိ ဦးကီးတန်၊ (၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြကြောင်းသိရသည်။ (၃၂၉)

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးညှိနှိုင်း

နွားထိုးကြီး ဩဂုတ် ၁၇

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအစည်းအဝေးကို ဩဂုတ် ၂ရက်က မြို့ပေါ် စုပေါင်းရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်မျိုး၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် စိုက်ညှိကော်မတီဝင်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

နွားထိုးကြီးမြို့နယ် မိုးစပါးဧက သုံးသောင်းကျော် စိုက်ပျိုးထုတ်လုပ်ရေးအတွက် မိုးစပါးပျိုးထောင်မှုအခြေအနေ၊ ရှေ့တန်းစခန်းအလိုက် မိုးဦးသီးနှံအခြေအနေ၊ ဆည်ရေ၊ ကန်ရေဝင်ရောက်မှုအခြေအနေ၊ ပျိုးထောင်ရေပေးမှုနှင့် မြေယာပြုပြင်မှု၊ လိုအပ်မှုများ ညှိနှိုင်းကြကြောင်း သိရသည်။ (၉၅)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စာရေးဆရာတင့်တယ် စတင်တည်ထောင်ခဲ့သော ရောဝတီတိုင်း အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာရှိ အောင်ကျော်စာကြည့်တိုက်သို့ သမီး ဒေါ်ခင်မျိုးဝင်း (သမီးတင့်တယ်)က ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာအုပ်စာတမ်းများနှင့် စာကြည့်တိုက်သုံး ကတ်တလောက်များကို ဩဂုတ် ၂၉ ရက်က စာကြည့်တိုက် ကော်မတီဝင် ဦးသန်းဦးမောင်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သန်လျင်မြို့နယ်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဝင်းသည် သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ အတွင်းရေးမှူး ဦးလှအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက်က သန်လျင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုများအား ရပ်ကွက်အလိုက် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည် **(အောက်ပုံ)** (၅၂၇)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၇)ရပ်ကွက် စည်သူလမ်းနေ ကွယ်လွန်သူ ဦးဘသိန်း-ဒေါ်အေးမှီ (တောင်သာ၊ ကျောက္ကာ) တို့အားရည်စူး၍ ဦးစိုးမြင့်-ဒေါ်သောင်းတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၅၈)ဘီ၊ ဧရိယာ (၀.၀၃၀)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၀၁၊ အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျင်စွမ်(ခ)ဒေါ်ကျင်လှကွယ်လွန်သဖြင့် အမွေဆက်ခံခွင့်ရှိသူ သားအရင်းများဖြစ်သော ၁။ ဦးကျော်ညွန့်စိန်၊ ၂။ ဦးသန်းအောင်၊ ၃။ ဦးသိန်းငွေ၊ ၄။ ဦးငွေအောင်ကျော်၊ ၅။ ဦးရွှေမိုး၊ ၆။ ဦးသန့်လွင်တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း(စဉ်-၃၅၅၇)	**ဒေါ်ကြည်ကြည်ငွေး(စဉ်-၂၃၆၇)**
B.A(Law),LL.B	**B.A(Law),LL.B**

တရားရုံးချုပ်ရှေ့နေများ
တိုက်(၃၁၅)၊ အခန်း(၆)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်
ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀-၁၅၂၃၄၊ ၀၉-၅၀-၃၁၂၃၄

ဩဂုတ် ၇ ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းဘေးမြက်၊ ချုံနွယ်အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူအင်အားဖြင့် ရှင်းလင်းဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငါန်းဇွန်မြို့ အမှတ်(၂)ရပ်ကွက် မြဝတီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးစိုးဝင်းထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၄/က၅)၊ မြေအမျိုးအစား ဦးသန်းဆောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၇၃ ပေ × ၆၀/၆၇ ပေ)အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁ဘီ)၊ သာယာအေးလမ်းသွယ်(၁) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင် ဦးခင်ဝင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူသည် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်နွယ်	**ဒေါ်ယုယုထွန်း**	**ဒေါ်အေးကြူ(M.A,R.L)**
LL.B, D.B.L, D.M.L	**LL.B, D.B.L, D.I.L**	**တရားရုံးချုပ်ရှေ့နေ**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**စဉ်-၁၉၅၄**
စဉ်-၂၅၈၃၀	**စဉ်-၂၅၈၂၉**	**၂၉၄/က၊ မင်းကြီးလမ်း၊**
ဖုန်း-၇၃၀၃၈၈၁၆	**ဖုန်း-၀၉၅၀၉၂၄၉၂**	**ရွာမအရှေ့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**

ဖုန်း-၆၄၁၃၉၂၊ ၀၉ ၅၀၃၃၄၅၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ထွန်းထွန်းဝင်း [၁၂/ကမန(နိုင်)၀၆၄၂၄၉]၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
Ph:01-293759

ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ပညာပေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၇

သရက်ခရိုင် ဝါနှင့်ပိုးချည်လုပ်ငန်း၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၅ရက် နံနက်ပိုင်းတွင် အောင်လံမြို့ ခရိုင်မျိုးသန့်ဝါကြိတ်စက်ရုံ၌ ကျင်းပရာ ဝါနှင့်ပိုးချည်လုပ်ငန်းရုံးချုပ်မှ အထွေထွေမန်နေဂျာ (တိုးချဲ့စိုက်) ဦးမြင့်ဆွေနှင့် ပညာရှင်သုံးဦးတို့က လက်တွေ့ပြသ ပညာပေးဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဝါနှင့်ပိုးချည်လုပ်ငန်း မကွေးတိုင်း မန်နေဂျာ ဦးစိန်လင်း၊ သရက်ခရိုင် မန်နေဂျာ ဦးဝင်းမြင့်၊ မြို့နယ်မန်နေဂျာများ၊ ရှေ့တန်းမှူးများ၊ ကွင်းဝန်ထမ်းများ စုစုပေါင်း ၂၇ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

အများသိစေရန်

ကျွန်မ၏သမီးဖြစ်သူ ဒေါ်နီလာ[၇/ပမန(နိုင်)၁၁၅၁၃၆]သည် မိသားစု ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ၎င်းအား မိသားစုဝင်အဖြစ်မှ အပြီးအပိုင် စွန့်လွှတ်ပြီး ဖြစ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ တာဝန်မယူပါကြောင်း သိစေအပ်ပါသည်။

မိခင်-ဒေါ်ခင်ကြည်နှင့်မိသားစု

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၆၆)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး
၂၀၀၉ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၀

ဒေါ်စန်းမြင့်	**နှင့်**	**ဦးထိန်ဝင်း**
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၄/၂၀၀၉) အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ၁၃-၉-၂၀၁၀ ရက် (၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်) နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဝယ်ယူသူများသည် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၅၃၂)၊ (၈)လွှာ(အေ) အခန်းအကျယ်အဝန်း(၁၂ ၁/၂' × ၅၅')ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။
ကြမ်းခင်းဈေး ကျပ်ခြောက်ဆယ့်ငါးသိန်း(၆၅၀၀၀၀၀/-)

လေလံတင်ရောင်းချမည့်စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော်လည်း အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိ (သို့မဟုတ်)ရုံးတော်က ထင်မြင်လျှင်လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၅။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်နှုန်းကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်သူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိသည်။
၇။ လေလံဆွဲဝယ်ရရှိသူသည် အဖိုးငွေ၏ ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍(၁၅)ရက်မြောက်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ၎င်းပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သိန်းဆွေ
မြို့နယ်တရားသူကြီး
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ **ပြည်သူ့လူ့ဘောင်သစ်ပါတီ(ပလဘသ) PEOPLE'S NEW SOCIETY PARTY (PNSP)**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဩဂုတ် ၁၇ ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၇)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၄၂)ပါတီအနက် ပါတီ(၄၀)ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်းတင်ပြပြီးသည့်ပါတီမှာ (၁၇)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၇- ၈ - ၂၀၁၀)

မြစ်ကြီးနား	၃	ဒသမ	၃၁	လက်မ
ဗန်းမော်	၃	ဒသမ	၀၈	လက်မ
ရွှေကျင်	၂	ဒသမ	၈၇	လက်မ
ညောင်လေးပင်	၂	ဒသမ	၇၆	လက်မ
မိုးကုတ်	၂	ဒသမ	၇၂	လက်မ
ပင်လောင်း	၂	ဒသမ	၂၈	လက်မ
ကျိုင်းတုံ	၂	ဒသမ	၁၆	လက်မ

အင်အား အသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ နံနက် ၈ နာရီ ၉ မိနစ် ၃၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)